
သမုဒ္ဒယနွယ်
အမုန်းတံတိုင်းများခြားမလို့လား

# အခန်း(၁)

တဖြုံးဖြုံး တိုက်ခတ်လာသည့် လေပြည်တွေနဲ့ အတူ အခန်း၏ ပြတင်းပေါက်ဝ နားမှာ တစ်ယောက်တည်း သူ စီးကရက်တွေ အဖွာဖွာ သောက်ပြီး လွင့်ပြယ်သွားသည့် စီးကရက် ငွေ့တွေနဲ့ အတူ လေမှ ပြန်လည် ယူဆောင်လာသည့် ချမ်းစိမ့်စိမ့်ဓာတ်ကို ဖိမ်ဖြင့် ခံယူနေမိလေ၏။ ထိုစဉ် တံခါး ခေါက်သံနဲ့ အတူ သူ ရှိရာကို ဝင်လာသည့် တစ်စုံတစ်ယောက်က သူ၏ အဘွား ဖြစ်သူ ဒေါ်ရွှေစင်ထိုက်မှန်း သိနှင့်သော်လည်း သူ နောက်လှည့် မကြည့်ဖြစ်ခဲ့ပါ။ သူ ဆက်၍ သာ စီးကရက် ဖွာယူနေမိလေသည် ။

"ဂိုဏ်း မြေး မနေ့ညက မင်း ရန်ဖြစ်လာ ပြန်ပြီလား"

"အွန်း"

"မင်း ဘာလို့ အဲဒီလောက် သွေးအေးနိုင်တာလဲ မင်းမှာ ငါ ဆိုတဲ့ အဘွား ရှိသေးတယ်ဆိုတာ မှတ်မိသေးရဲ့ လား ဟမ်"

"ကျွတ် မမှတ်မိရအောင် ကျွန်တော် အတိတ်မေ့နေတာမှ မဟုတ်တာ"

"ဂိုဏ်း"

ဒေါ်ရွှေစင်ထိုက် အသံကုန်ကျယ် အော်ဟစ် ခဲ့ လိုက်လေသည် ။ ကြည့်စမ်း အလိုလိုက် အမိုက်စော်ကားတယ် ဆိုတာ ဒါကိုပြောတာ ဖြစ်

လေမည်။ အဘွားဖြစ်သည့် သူမကို ဂရုမစိုက်သလို အလေးမထား သလိုဖြင့် ကျောပေးပုံက ထုရိုက်ပစ်ချင်စရာ။ ဒီလောက် ပြောဆိုဆုံးမ နေတာတောင် နားရွက်မလှုပ် အေးအေး ဆေးဆေးပင်။

"ကျွန်တော် နားထောင်နေတယ်လေ ဘွား ရယ်"

"မင်းရဲ့ အဘွား ငါစကားပြောနေတယ်လေ ငါ့ကို ကျောပေးထားစရာလား ငါ့ဘက် အခုချက်ချင်း လှည့်လာစမ်း"

"ကျွတ်"

အဘွား၏ သဘောအတိုင်း မျက်နှာ မအီမသာဖြင့် သူ ကျောခိုင်းထားရာမှ လှည့်လာလိုက်သည် ။ ထို့ကြောင့် မျက်စိလျင်သည့် သူ့အဘွားက သူ့လက်ပေါ်က ပတ်တီး အဖွေးသားနဲ့ ဒဏ်ရာကို မြင်သွားရလေ၏။

"ဟင် မင်း လက်က ဒဏ်ရာ ရလာတာလား မင်း ကိုယ်မင်း ဘာထင်နေတာလဲ ဂိုဏ်း ဒဏ်ရာရတာတောင် ငါ့ကို ဘာမှ မပြောရလား"

"နည်းနည်း ရှပ်ထိရုံလေးမို့ပါ ဘွား ရာ"

"ဘယ်လိုထိထိ ငါ့မှာ မြေး ဆိုလို့ မင်းဘဲ ရှိတာ ... မင်း ဘာလို့ အရမ်းဆိုးနေရတာလဲ ဂိုဏ်း... မင်းကို မလိမ္မာရဘူးလို့ ဘယ်သူ သင်ပေးထားလို့ မင်း ဆိုးနေရတာလဲဟမ် မင်း ဆေးလိပ်တွေ အရက်တွေ သောက်တယ် ဒ့ါအပြင် ဆေးပါ ထပ်သုံးလိုက်သေးတယ် မိန်းမ မလိုက်စားသေးလို့ တော်သေးတယ် ပြောရမယ် မကောင်းတဲ့ အရာတွေ မလုပ်ပါနဲ့ လို့ ငါ ဘယ်လိုပြောပြော မင်း နားမဝင်ဘူး မင်းကို အလိုလိုက်မိခဲ့တဲ့ ငါ့ကိုယ်ငါပဲ အပြစ်တင်ရမှာ လား ရဲတွေကို ခေါ်ပြီး မင်းကိုပဲ ဖမ်းခိုင်းလိုက်ရင် ကောင်းမှာ လားဟမ် ဂိုဏ်း"

"အဟက် ကျွန်တော်သာ ထောင်ကျသွားရင် အဘွားရဲ့ အမွေကို

ဘယ်သူက ဆက်ခံမှာ လဲ ရွှေစံအိမ်က အလာဟာသ ဖြစ်ကုန်မှာ ပေါ့ တော်ပါပြီ ဘွား ရာ ကျွန်တော် အပြင်ထွက်လိုက်ဦးမယ်"

"ဟဲ့ ငါ ဆုံးမလို့ မပြီးသေးဘူးလေ မင်းက ဘယ်သွားဦးမှာ လို့ လဲ"

"ဆုံးမစရာ ရှိတာတွေကို ဖုန်းထဲ အသံသွင်းထားလိုက် ပြန်လာမှ ဖွင့်ပြီး ကျွန်တော် နားထောင်တော့မယ် အခု သွားစရာလေးရှိလို့ ဘွား"

အဘွားဖြစ်သူကို ကျောကာ ခုတင်ထက်က သူ၏ ဂျာကင်ကို ဆွဲယူပြီး အခန်းထဲက ထွက်ခွာလာ ခဲ့လိုက်သည် ။ သူ၏ အဘွားကတော့ မကျေမနပ်ဖြစ်ကာ ပတွတ်ပတွတ် ပြောဆိုရင်း ကျန်ရစ်ခဲ့ရ လေတော့သည် ။ သူ လမ်း မယူတာတော့ မဟုတ်ပါ လမ်း ကသာ သူ့ကို မယူရဲတာပါ ။

***

လူနာဆောင်က လူနာတွေကို တစ်ယောက်ချင်းစီ သူမ လိုက်ကြည့်ရှုပေးနေစဉ် အော့အန်ချင်လာ သလိုဖြင့် နေလို့ သိပ်မပျော်ဘဲ ခေါင်းက မူးမိုက်မိုက် ဖြစ်နေလေ၏။ လူနာဖြစ်သည့် အဒေါ်ကြီး တစ်ယောက်ကို သူမ စမ်းသပ်ပေးနေရာမှ မိုက်ခနဲဖြစ်ကာ ယိုင်လဲလဲ ဖြစ်ခဲ့ရလေသည် ။

"ဆရာမလေး အဆင်ပြေရဲ့ လား"

အဒေါ်ကြီးက သူမကို စိုးရိမ်သလို မေးလာသည့် ပုံရိပ်ကို မှုန်ဝါးဝါးဖြင့်သာ မြင်တွေ့နေရ လေသည် ။ မူးမိုက်နေသည့် ခေါင်းကို ခါပစ်ရင်း မလဲကျအောင် အနိုင်နိုင် ထိန်းထားရာမှ ဟန်ချက် ပျက်သွားကာ ပြိုကျမလို ဖြစ်သွားစဉ် သူမအား တစ်စုံတစ်ယောက်က လှမ်းထိန်းထား လိုက်

သည် ကို သိသိသာသာ ခံစားမိ လိုက်လေသည် ။

"မင်း အဆင်ပြေရဲ့ လား"

ထိုအသံပိုင်ရှင်ကို သူမ မှန်းတီးသလို သူ့ထံမှ ရလာသည့် ရေမွှေးနံ့ ကိုလည်း ရှူရှာမိလေ၏။ သူ့ရင်ခွင်ထဲကနေ အားယူကာ ရုန်းထွက်၍

"မင်း ဘယ်လို ရောက်လာတာလဲ ငါ့အသားကို မထိနဲ့ လွှတ်စမ်း"

"မင်း ဆီကို လာတာလေ မင်း အခု နေမကောင်း ဖြစ်နေတယ်ဆိုရင် ကျုပ် မင်းကို ဘယ်လို ချန်ထားရက်နိုင်မှာ လဲ မင်းက ကျုပ် ဇနီး"

အသံကောင်းဟစ်ပြီး ပြောနေသည့် သူ့ကြောင့် အနားမှာ လူနာတွေ က သူမကို မသိမသာ လှမ်းကြည့်နေသလိုမို့ ရှက်ယမ်းကာ ဒေါသထွက် နေ ရလေ၏။ ထို့အတူ နေမကောင်း ဖြစ်ချင်သည် မို့ အားယူကာ ...

"ငါ့ကို လူတွေ ဝိုင်းကြည့်နေပြီ ... မင်းငါ့ကို ဘယ်လောက်ထိတောင် အရှက်ခွဲချင် သေးတာလဲ ဟမ် ... မင်း ငါ့အနားကနေ ..."

သူမ စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ မူးမေ့သွားရလေ၏။ သူမ အမုန်းဆုံးလူ ဖြစ်သည့် သူ၏ ရင်ခွင်ထဲ၌ ရောက်ရှိသွားသည် ကို ခံ စားမိသလို သူ ပွေ့ချီလိုက်သည် ကိုလည်း ထိတွေ့မိ၏။ သို့သော် မရုန်း နိုင်ဘဲ အမြင်အာရုံတွေ တဖြည်းဖြည်း ဝေဝါးသွားခဲ့ရ လေတော့သည် ။

***

သူမ သတိပြန်ရလာတော့ သီးသန့်ခွဲထားသည့် လူနာခုတင်ပေါ်သို့ ရောက်နေမှန်း ချက်ချင်း သိလိုက်သလို သူမ၏ လက်ကိုလည်း ဆုပ်ကိုင်

ထားသည့် သူ့လက်ကို တရကြမ်း ပုတ်ထုတ်ပစ်ကာ ထထိုင်မလို ကြိုးစား ယူလိုက်မိသည် ။ သို့သော် ခုတင်ပေါ်ကနေ သူမကို ဆင်းခွင့်မပေးဘဲ သူ လှမ်းတား နေလေသည် မို့

"မင်းငါ့ကို လွှတ်စမ်း"

"ဒေါသ သိပ်မကြီးနဲ့ မင်းမှာ ကိုယ်ဝန် ရှိနေပြီ"

"ဘာ"

"ဟုတ်တယ် မင်း ဗိုက်ထဲမှာ ကလေးလေး ရှိနေပြီ တဲ့ "

"မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်ရမှာ လဲ မင်းနဲ့ ကျုပ် အတူအိပ်ထားတာပဲ မင်း ငြင်းလို့ မရဘူး ခါး မင်း ကျုပ်ကို ယူရမယ် မယူလို့ မဖြစ်တော့ဘူး မင်း ဗိုက်ထဲက ကလေးရဲ့ အဖေ ကျုပ် ဆိုတာ ဆေးရုံတစ်ခုလုံး သိသွားပြီ"

"ငါ ငါ"

သူမ၏ ဗိုက်ထဲမှာ သူ့ရင်သွေးကို လွယ်ပိုး ထားရပြီတဲ့ လား။ ထို့အတူ ဆေးရုံတစ်ခုလုံးက သူနဲ့ သူမ၏ အကြောင်းကို သိသွားခဲ့ပြီတဲ့ ။ သူနဲ့ ဖြစ်ပြီးသည့်နေ့မှ စ၍ သူမကိုယ်သူမ မယုံကြည်နိုင်ကာ ခုလိုဖြစ်လာမည်ကိုစိုး၍ ကာကွယ်ထား ခဲ့ပါရက်သားနဲ့ ကံဆိုးစွာဖြင့် သန္ဓေ လာတည်နေလေသည် ။ သူမ မယုံနိုင်သလို သူမအား ကံကြမ္မာ မျက်နှာသာ မပေးခဲ့သည် ကို ခံပြင်းမိကာ ဒေါသမျက်ရည်တွေ ဝဲတက်လာရလေသည် ။

"ကျုပ် အဘွားကို ပြောပြီး မင်းကို လာတောင်းမယ်"

"ဟင့်အင်း ငါမင်းကို ဘယ်တော့မှ လက်မထပ်ဘူး"

"ဘာ"

ခုလိုဖြစ်ပြီးတာတောင် ခေါင်းတတွင် တွင် ခါယမ်းနေသေးသည့် သူမကြောင့် စိတ်မရှည်နိုင်သည့် သူ ဒေါသ ဖြစ်သွားရလေသည်။ အရင်က သူမကို လက်ထပ်ခွင့် တောင်းခဲ့သော်လည်း လက်မခံခဲ့သည် က အကြောင်းမဟုတ် အခုက သူမ၏ ဗိုက်ထဲ၌ သူ့ရင်သွေး ရှိနေလေပြီ။ သူ့ လုပ်ရပ်အတွက် ကလေး၏ ဖခင်အဖြစ် ခံယူမည် ဆိုသော်လည်း တာဝန်မယူခိုင်းသည် မို့ သူမကို နားမလည်နိုင်အောင် ထွေပြားခဲ့ရလေသည်။

"မင်းလို လူယုတ်မာကို သေတာတောင် လက်မထပ်နိုင်ဘူး ငါမင်းကို မုန်းတယ် ငါ့ဘဝကို ဖျက်ဆီးခဲ့တဲ့ မင်းကို မုန်းတယ် မင်းကြောင့် ငါ့ဘဝ ပျက်ရတာ ငါလွယ်လွယ်နဲ့ ကျေအေးပေးနိုင်မယ် ထင်လို့ လား"

"ကျုပ်မင်းကို တာဝန်ယူမယ်လို့ မင်းနဲ့ ဖြစ်ခဲ့တဲ့ နေ့ကတည်းက ကျုပ် ပြောထားပြီးသားလေ မင်း ကျုပ်ကို မယူလို့ ဘယ်ကောင်ကို လှည်းကြိုးထမ်းခိုင်း ချင်သေးလို့ လဲ မင်း ရည်းစားဆိုတဲ့ ဟိုသဘော်သား ကောင်ကိုလား တခြားဘယ်ကောင် ရှိသေးလို့ လဲ ဘာလဲ မင်းက ကျုပ် ကလေးကို ဖျက်ချမလို့ လား ကျုပ် လုံးဝ ခွင့်မပြုနိုင်ဘူးနော်"

"ငါ့ဘာသာ ဘယ်ကောင်ကိုဘဲ လှည်းကြိုး ထမ်းခိုင်းပါစေ မင်း မဟုတ်ရင်ပြီးရော ငါ ဘယ်လင်တော်တော် ဖြစ်တယ် အဲဒီလိုပဲ ငါ့ကလေးကို မင်းလို လူယုတ်မာကို အဖေ ခေါ်ခိုင်းဖို့ ထက် တခြားသူကိုပဲ ပထွေးတော်ခိုင်းလိုက်မယ်။ မင်းလို ဆေးသမား ဘိမ်းသမား အရက်သမား လမ်းသလားနေတဲ့ လူယုတ်မာ လူရမ်းကားကို ယူမဲ့အစား ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေလိုက်မယ် ငါ မလုပ်ရဲဘူး မထင်နဲ့ "

"တောက် ကျုပ် အဲဒီလိုအဖြစ်ခံမယ် ထင်နေလား"

"မင်း ငါ့ကို မပိုင်ဘူး"

"လုပ်ရဲလုပ်ကြည့်လေ ကျုပ် အကြောင်းကို မင်း မသိသေးဘူး"

"မင်းလည်း ငါ့အကြောင်းကို မသိသေးပါဘူး ခွမ်း"

သူ့အား အငြိုးကြီးစွာ မုန်းတီးသလို စိုက်ကြည့်ပြီး ခုတင်ပေါ်ကနေ ပြေးဆင်းကာ ဘေးနားက ပန်းအိုးကို ဆွဲယူ၍ ရိုက်ခွဲပစ်လိုက်သည့် သူမ ကြောင့် သူ ထိတ်လန့်မှ င်တက် သွားရလေ၏။

"မင်း မင်း ဘာလုပ်မလို့ လဲ ခါး"

"ငါ့ကိုယ်ထဲက သွေးတွေကို ဖောက်ထုတ်ပစ် မလို့ လေ မင်းနဲ့ ထိ တွေ့ထားတဲ့ ငါ့ကိုယ်ငါ ရွံမိလို့ မင်းလိုကောင်ရဲ့ သွေးသားကို လွယ်ထား ရတဲ့ ငါ့ကိုယ်ငါ မသထီဘူး ငါမင်းကို ယူမဲ့အစား ငါ သတ်သေမယ်"

"ဘာ မင်း ရူးနေလား ခါး လွှတ်ချလိုက်စမ်း"

သူမ၏ လက်ထဲက ဖန်အချွန်ကို သူ လုယူရန် ကြိုးစားလိုက်၏။ သို့ ပေမဲ့လည်း သူမက လွှတ်မပေးနိုင်ဘဲ တင်းကျပ်စွာ အချွန်စကို ဆုပ်ကိုင် ထားလေသည် မို့ သူမ၏ လက်ကလေးတွေမှာ အချွန်စူး ရှမိ၍ သွေးတွေ သိသိသာသာ စီးကျ လာလေ၏။

"ခါး မင်းကို လွှတ်ချလိုက်လို့ ကျုပ် ပြောနေတယ်နော်"

"မင်းငါ့အနားကနေ ထွက်သွား မင်းကို မမြင်ချင်ဘူး"

"ကျုပ် ထွက်သွားမယ် မင်း လက်ထဲက အချွန်ကို လွှတ်ချလိုက်"

"မင်းကို ထွက်သွားလို့ ပြောနေတယ်"

သူမမှာ သူ့ရင်သွေးလေး လွယ်ထားရသည် မို့ သူမ စိတ်ဖိစီးနေတာ မျိုး သူ မလိုချင်ပါ။ သို့သော်လည်း သူ့အား အနားကပ်မခံဘဲ ရွံရှာမုန်း

တီးကာ အသက်ကို စတေးပြီး ရန်တွေ့နေလေ၏။ ထို့ကြောင့် တဖွတ်ထိုး ဒေါသကြီးတတ်သည့် သူ့စိတ်ကို အနိုင်နိုင် ထိန်းထားရ၏။ မွေးဖွားလာကတည်းက သည်းခံစိတ် ပါမလာသည့် သူ့အတွက်တော့ သူမအပေါ် သည်းခံပေးရသည် ကား တကယ်တမ်း ခက်လှပါလေသည် ။

"ကျုပ် ထွက်သွားပေးပ့ါမယ် မင်းကိုယ်မင်း ဘာမှ မလုပ်ရဘူး"

သူမကို စိတ်မချနိုင်စွာဖြင့် လှည့်ကြည့် လှည့်ကြည့်ဖြင့် သူ တစ်လှမ်းချင်း ထွက်ခွာလာခဲ့လိုက်ပြီး အခန်းတံခါးဝနား ရောက်လုဆဲ၌ပင် အနောက်မှာ လဲပြိုကျသွားသည့် သူမကြောင့် သူ အပြေးပြန်လာ ခဲ့ရသည် ။

"ခါး"

ကြမ်းပြင်ပေါ်၌ ပျော့ခွေကျနေသည့် သူမကို စိုးရိမ်စွာဖြင့် ခုတင်ပေါ်သို့ ပြန်လည် သူ ပွေ့တင်လိုက်သည် ။ စိတ်ကြီးလွန်းလို့ ဒေါသစိတ်ကို မထိန်းနိုင်ဘဲ သတိမေ့သွားရသည့် အထိ ဖြစ်သွားရသည့် သူမကို ကြည့်ရင်း အလွန်ပင် စိတ်မကောင်း ဖြစ်သွားရသည် ။ သူမ ဆုပ်ကိုင်ထားဆဲ ဖြစ်သည့် ဖန်ခွက်စကို သူ ဖယ်ချလိုက်ပြီး သွေးတွေစို့ရွှဲနေသည့် သူမ၏ လက်ကလေးကို အမြတ်တနိုး လှမ်းကိုင် ယူလိုက်မိသည် ။

"ခါး ရယ်"

ဆရာဝန်ဂျူတီကုတ် အဖြူရောင်လေးနဲ့ အေးချမ်းစွာ လှပနေသည့် သူမကို ငေးစိုက်ကြည့်ကာ ယောကျ်ားတန်မယ့် သူ မျက်ရည်တွေ ဝဲတက်လာရသည် ။ သူမအပေါ် ကြင်နာခွင့်လေးတောင် သူ့မှာ မရှိပါလား ။

"မင်း မုန်းတာ ကျုပ်ဆိုရင် ကျုပ်ကိုပဲ နာကျင်အောင် လုပ်ပါနော်

မင်းကိုယ်မင်း ထိခိုက်အောင် မလုပ်ပါနဲ့ ကျုပ် မင်းကို ဘာမှ အဖြစ်မခံနိုင်ဘူး ကျုပ် မင်းကို အရမ်းချစ်တယ် မင်းကို ချူချင်တဲ့ သူတွေ ဘယ်လောက်များများ ကျုပ်မှာ ဆိုလို့ မင်း တစ်ယောက်တည်းပဲ ရှိတာ ကျုပ်နမ်းရှိုက်ချင်မိတဲ့ ပန်းတစ်ပွင့်ကို ခွေယူခဲ့မိတာ ကျုပ် အမှားလား"

သူမ၏ နဖူးပြင်လေးကို အမြတ်တနိုး နမ်းရှိုက်ကာ သူမ အနားကနေ သူ ထွက်ခွာလာခဲ့ လိုက်သည် ။ သူ့ကို ကမ္ဘာမကျေ မုန်းနေသည့် သူမကိုမှ သူ အရူးအမူး ချစ်နေမိလေသည် ။ အားလုံးထဲမှာ မှ သူမကိုမှ ။

***